IFEM

INTERNATIONAL FEDERATION
FOR EMERGENCY MEDICINE

Secretariat:
34 Jeffcott Street,
West Melbourne,
Victoria, 3003 Australia

p: +61 3 9320 0444
f: +61 3 9320 0400
e: admin@ifem.cc
w: ifem.cc
ACN 145 437 216

# မြန်မာနိုင်ငံအပေါ် သဘောထား ပူးတွဲ ထုတ်ပြန်ကြေငြာချက်

ဤသဘောထားထုတ်ပြန်ကြေငြာချက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့ကိုယ်စားပြုသည့် အဖွဲ့အစည်းများသည် စစ်တပ်အာဏာသိမ်းမှုနှင့် တိုင်းပြည်အတွင်း ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံရှိဆေးဘက်ဆိုင်ရာနှင့် သူနာပြုလုပ်ဖော်ကိုင်ဖက်များ၏ လုံခြုံရေးအပေါ် စိုးရိမ်ပူပန်လျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်း၏ ကိုယ်စားလှယ်များအနေဖြင့် ကျွန်ုပ်တို့သည် အရေးပေါ်ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုဆေးရုံဝန်ထမ်းများအပေါ် စစ်တပ်၏ လုပ်ရပ်များအား အပြင်းအထန်ရှုတ်ချပါသည်။

ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများတွင် ဆေးဘက်ဆိုင်ရာဘက်မလိုက်မှုကို ကာကွယ်ပေးသော နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဥပဒေများ၏ စည်းမျဉ်းများအား လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၂၂၈၆ (၂၀၁၆)အရ ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများတွင် ဆေးကုသရာ နေရာများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား တိုက်ခိုက်ခြင်းကို ပြင်းထန်စွာတားမြစ်ကန့်ကွက်ထားပါသည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများသည် ဂျီနီဗာသဘောတူညီချက်များနှင့် ထပ်ဆောင်း ထုတ်ပြန်ချက်များအရ ကျန်းမာရေး ဝန်ထမ်းများ လုံခြုံရေးနှင့်လွတ်လပ်မှုရှိစေရေးတို့၏ အရေးကြီးပုံကို အလေးထားပြောကြားလိုသည်။

ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်များသည် မြန်မာပြည်သူပြည်သားများအတွက် မရှိမဖြစ်လိုအပ်သော အရေးပေါ်ဆေးဘက်ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လွတ်လပ်စွာရှိနေရမည်။ ဒဏ်ရာရသူများနှင့် ဆေးဝါးကုသမှုလိုအပ်နေသည့် အခြားသူများအတွက် လုံလောက်သော ဆေးဘက်ဆိုင်ရာအဆောက်အအုံများကို ဘေးကင်းစွာအသုံးပြုခွင့်ပေးရမည်။ ဆေးဘက်ဆိုင်ရာအဆောက်အအုံများ၊ ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးနှင့် ထိုနေရာများတွင် ကုသခံထားရသောလူနာများကို အကာအကွယ်ပေးရမည်။
ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများအတွက် အန္တရာယ်ကင်းစွာ အလုပ်လုပ်နိုင်သောအခြေအနေကို ဖော်ဆောင်ပေးရမည်။

ဤအချက်များအား ချက်ချင်းအရေးပေါ် ဖြေရှင်းခြင်းမပြုလုပ်ပါက အနာဂတ်တွင် မြန်မာနိုင်ငံ၏ အရေးပေါ်ဆေးကုသရေး၊ အရေးပေါ်စောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစနစ် ချောမွေ့စွာလည်ပတ်နိုင်ရန်မှာ ဖြစ်နိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့သည် အရပ်ဘက်အစိုးရပြန်လည်ထူထောင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများအပေါ် ပြောင်ပြောင်တင်းတင်းအခွင့်အရေးချိုးဖောက်မှုများအတွက် စစ်တပ်ကို အရေးယူရန်၊ စစ်အာဏာသိမ်းမှုကိုရပ်တန့်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုတွင် ပါဝင်ရန် ဒေသတွင်းနှင့်နိုင်ငံတကာစည်းရုံးလှုံ့ဆော်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် တောင်းဆိုလိုက်သည်။

ဒေါက်တာ ဂျွန်ဘုန်းနင်း (င်)
ဥက္ကဋ္ဌ ဩစတြေးလျားအရေးပေါ်ဆေးပညာဆိုင်ရာ ကောလိပ်

ဒေါက်တာ ကက်သရင်း ဟန်ဒါဆန်
ဥက္ကဋ္ဌ အရေးပေါ်ဆေးတော်ဝင်ကောလိပ်

ပါမောက္ခ ထမောယှ၍ ကိုးလ်
ဥက္ကဋ္ဌ အရေးပေါ်ဆေးပညာဆိုင်ရာအသင်း

ပါမောက္ခလီဆက်မက်ကာသီ
ဥက္ကဋ္ဌ အရေးပေါ်ဆေးဝါးဆိုင်ရာအဖွဲ့ချုပ်

ပါမောက္ခ အက်ဂါဒို မန်နန်ဒက်ဇ်
ဥက္ကဋ္ဌ Federación Latinoamericana de Medicina de Emergencias

ဒေါက်တာ ဂယ်ရီ နွန်း
အရေးပေါ်ဆေးပညာဆိုင်ရာပါပူဝါနယူးဂီနီအသင်း

ဒေါက်တာ မာ့ခ် ရိုဆန်ဘက်
ဥက္ကဋ္ဌ အရေးပေါ်ဆေးပညာရှင်များအမေရိကန်ကောလိပ်

Dr Annet Alenyo Ngabirano
*President, African Federation for Emergency Medicine*

Dr Ammar Al-Kashmiri
*General Secretary, Gulf Federation of Emergency Medicine*

Dr Kirsten Johnson
*President, Canadian Association of Emergency Physicians*